# အကယ်၍ သင်သည် မိသားစုဝင် သို့မဟုတ် မိတ်ဆွေ တစ်ဦးကို

ဈေးဝယ်ရန်ကူညီဖို့

မိမိကိုယ်ကို စောင့်ရှောက်မှု

ငွေကြေးကိစ္စကူညီဖို့

အစားအစာ ပြင်ဆင်တည်ခင်းခြင်း

စိတ်ထိခိုက်မှုအတွက် အားပေးဖို့ ရှိနေပါက

ဆေးဝါး တိုက်ကျွေးခြင်း

## ... သင်သည် ပြုစုသူတစ်ဦး ဖြစ်နိုင်သည်

**တစ်ဦးတစ်ယောက်အား ပြုစုပေးခြင်းသည် သင့်စိတ်ကို ဖိစီးပါသလား သို့မဟုတ် သင့်အလုပ်၊ ပညာရေး သို့မဟုတ် လူမှုဆက်ဆံရေးတို့ကို ထိခိုက်ပါသလား။**

**Carers WA သည် သင့်အား အခမဲ့ ပံ့ပိုးမှုများဖြင့် ကူညီနိုင်သည်။**

**1800 422 737**

Carers WA

## ကျွန်ုပ်တို့အကြောင်း

**Carers WA သည် ရပ်ကျေးအဖွဲ့တစ်ခုဖြစ်ပြီး WA ရှိ ပြုစုသူများအား ပံ့ပိုးမှုများနှင့် ကိုယ်စားပြုအကျိုးဆောင်ပေးခြင်းကို အခမဲ့ ဆောင်ရွက်ပေးပါသည်။**

**ကျွန်ုပ်တို့သည် သင်၏ ပြုစုပေးနေသည့် တာဝန်များနှင့် သင့်ကိုယ်သင် စောင့်ရှောက်ခြင်းအတွက် သင့်အား ကူညီစီမံပေးရန် အစီအစဉ်နှင့်ဝန်ဆောင်လုပ်ငန်း အမျိုးမျိုးကို ဆောင်ရွက်ပေးပါသည်။**

## ဝန်ဆောင်လုပ်ငန်းများကို Carers WA နှင့် Carer Gateway အဖွဲ့တို့မှတစ်ဆင့် ရရှိနိုင်ပါသည်။

**ဖြေသိမ့်ဟောပြောခြင်း- သင်၏ ပြုစုပေးရသည့် တာဝန်နှင့်စပ်လျဉ်းပြီး စိတ်ပူပင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဝမ်းနည်းခြင်း သို့မဟုတ် စိတ်ဖိစီးခြင်းတို့ ခံစားနေရပါက ဖြေသိမ့်ဟောပြောသူတစ်ဦးသည် သင်၏ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ သင်နှင့် လူချင်းသော်လည်းကောင်း သို့မဟုတ် ဖုန်းဖြင့်သော်လည်းကောင်း စကားပြောဆိုနိုင်ပါသည်။**

**လက်တွေ့ပံ့ပိုးပေးမှု- သင်၏ ပြုစုပေးနေသည့်တာဝန်ကိုကူညီရန် သို့မဟုတ် သင် ပညာသင်ရန် သို့မဟုတ် အလုပ်ရရန်အတွက် ပံ့ပိုးငွေ ရရှိနိုင်ပါသည်။**

**ဤပံ့ပိုးငွေတွင် အိမ်မှုကိစ္စအကူအညီ၊ ဆေးခန်းရက်ချိန်းသို့ ကားအကြိုအပို့၊ ပြုစုသူ အနားပေးခြင်း သို့မဟုတ် သင်တန်းတက်ခြင်း စသော ပံ့ပိုးမှုများ ပါဝင်ပါသည်။**

**အခြား ပြုစုသူများနှင့် ဆက်သွယ်ပေးခြင်း- အနီးတစ်ဝိုက်ရှိ ပွဲလမ်းများနှင့် တွေ့ဆုံပွဲများတွင် အလားတူ ပြုစုမှုပေးနေသောသူများနှင့် တွေ့ဆုံနိုင်ပါသည်။ အဖြစ်အပျက်များနှင့် အကြံဉာဏ်တို့ကို ဝေမျှနိုင်သည်၊ သင့် ပြုစုမှုတာဝန်မှ ခေတ္တအနားယူနိုင်သည်။**

**လိုအပ်သော ပံ့ပိုးမှုများနှင့် ဝန်ဆောင်လုပ်ငန်းများ အခမဲ့ရယူရန် သင်၏ လိုအပ်ချက်များအတွက် ရိုးရိုးရှင်းရှင်း အစီအစဉ်ဆွဲပုံသင်တန်းအတွက် ကျွန်ုပ်တို့ကို ဖုန်းခေါ်ပါ။**

## ကျွန်ုပ်တို့အား ဆက်သွယ်ပါ

**ဖုန်း ၁၈၀၀ ၄၂၂ ၇၃၇ကို တနင်္လာမှ သောကြာ နံနက် ၈ နာရီ မှ ညနေ ၅ နာရီအကြား ဖုန်းခေါ်ဆိုပြီး Carers WA နှင့်စကားပြောရန် နံပါတ် ၁ ကိုနှိပ်ပါ။**

**Carers WA သည် ဘာသာပြန်နှင့် စကားပြန်များကို စီစဉ်ပေးနိုင်ပါသည်။**

**www.carerswa.asn.au**

**info@carerswa.asn.au**